ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# သတင်းထုတ်ပြန်ချက်

ဝါရှင်တန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပခဲ့သော ပထမအကြိမ် ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးမှ ၂၆-၇-၂၀၁၈ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကြေညာချက်အပေါ်များစွာစိတ်ပျက်မိပါသည်။ ထို့ပြင် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဖိတ်ကြားခံခဲ့ရခြင်းမရှိသည့်အတွက် ကြေညာချက်ပါအချက်အလက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ပါဝင်ဆွေးနွေးခွင့်မရရှိခြင်းကြောင့်လည်း ပို၍ပင် စိတ်မကောင်းဖြစ်ရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ အပိုဒ် ၃၄ တွင် "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း၊ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်" ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို ရရှိခံစားကြပါသည်။ မြန်မာနိုင်ငံသည် စေတီပုထိုး၊ ခရစ်ယာန်ဘုရားကျောင်း၊ အစ္စလာမ်ဗလီ၊ ဂျူးဘုရားကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းတို့ကို တစ်ကီလိုမီတာအချင်းဝက်ရှိ စက်ဝိုင်းအတွင်း တစ်စုတည်း တွေ့မြင်နိုင်သည့် ကမ္ဘာပေါ်ရှိ နိုင်ငံအနည်းစုတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ နိုင်ငံအတွင်း ဗလီ (၄၄၀၇) ခု နှင့် အစ္စလာမ် စာသင်ကျောင်း (၄၅၉) ကျောင်းရှိပြီး အစ္စလာမ် ဘာသာဝင် (၂၆၀)ဦးတွင် ဗလီတစ်ခုနှုန်းရှိသည့်အပြင် နိုင်ငံတစ်ဝန်းကိုဏ်းပေါင်းစုံခရစ်ယာန်ဘုရားကျောင်း (၆၉၉၈) ကျောင်းရှိကာ ခရစ်ယာန်ဘာသာဝင် (၄၇၀) ဦးတွင် ဘုရာကျောင်းတစ်ကျောင်းနှုန်းဖြင့် ကိုးကွယ်ခွင့်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အဆိုပါကိန်းဂဏန်းများသည် တိုင်းပြည်အတွင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိသည်ကို ပြသလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် သက်တမ်းနုနယ်သည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ဆယ်စုနှစ်များစွာ ဖယ်ကြဉ်ခြင်းခံထားရမှုမှ ရုန်းထွက်လာပြီး ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ထောင်ရန်အစိုးရမှ ကြိုးပမ်းလျက်ရှိပါသည်။ တိုင်းပြည်အနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှု-စီးပွား

ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များ၌ အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ နိုင်ငံအတွင်းရှိ ပြဿနာများသည် နက်နဲရှုပ်ထွေးပြီး အချိန်ကာလကြာမြင့်ကတည်းကရှိနေခဲ့သည့် ပြဿနာများဖြစ်ကြပါသည်။ သက်တမ်း (၂)နှစ်သာရှိသေးသည့် အရပ်သားအစိုးရအနေနှင့် ရခိုင်ပြည်နယ်ကိစ္စအပါအဝင် ခက်ခဲနက်နဲသော စိန်ခေါ်မှုများအတွက် ရေရှည်အကျိုးရှိစေမည့် ရလဒ်များရရှိစေရေးအတွက် သက်ဆိုင်သူအားလုံးနှင့် လက်တွဲအဖြေရှာလျက်ရှိပါသည်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများလည်း ရှိနေပါသည်။ ယင်းဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးကလည်း ပြဿနာရပ်၏ နက်နဲမှုကို သိရှိထားကြပြီး၊ အချိန်တိုအတွင်း ဖြေရှင်းနိုင်မည် မဟုတ်သည်ကို လည်း နားလည်သဘောပေါက်ကြပါသည်။ မြန်မာအစိုးရအနေနှင့် ပြဿနာများ၏ ရေရှည်တည်တံ့သည့် အဖြေရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အချိန်အတိုင်းအတာနှင့် အခြေအနေများရှိရန် လိုအပ်မည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးမျိုးသော စိန်ခေါ်မှုများအတွက် ရေရှည်တည်တံ့သည့် ရလဒ်များပေါ်ထွက်ရန် ကြိုးပမ်းနေသည့်အရေးကြီးသည့်အချိန်အခါတွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အမေရိကန်အစိုးရနှင့် နိုင်ငံတကာအသိုက်အဝန်းမှ နားလည်မှုနှင့် ထောက်ခံအားပေးမှုများ ပေးသည်ကို မြန်မာသံရုံးက မြင်တွေ့ရန်ဆန္ဒရှိကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံး
ဝါရှင်တန်မြို့ ။
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် ။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON